The Fifth Pillar
CHANGE starts with you

Building No (C-1), Room (301), Yuzana Highway Complex, Kamayut Township, Yangon

+95-9-796666385, +95-9-755995787

# Vacancy Announcement

| | |
|---|---|
| Job Title (အလုပ်အကိုင် အမည်) | Case Worker (ဖြစ်ရပ် စီမံခန့်ခွဲသူ) |
| Department (လုပ်ငန်းဌာန) | Program Department (ပရိုဂရမ် ဌာန) |
| VA No. | TFP/VA/250505 |
| Job Grade (အလုပ်အကိုင် အဆင့်) | GS-8 |
| Number of Position (ရာထူး အရေအတွက်) | အမျိုးသမီး (၂) ဦး |
| Location (တည်နေရာ) | ကျိုင်းတုံမြို့ |
| Reports to (အစီအရင်ခံစာ တင်ပြခြင်း) | Safe House Supervisor (လုံခြုံအိမ် ကြီးကြပ်ရေးမှူး) |
| Announcement Date (ထုတ်ပြန်သည့်နေ့) | ၁၉ - မေလ - ၂၀၂၅ |

## အဖွဲ့အစည်း မိတ်ဆက်

ပဉ္စမ မဏ္ဍိုင်သည် ၂၀၁၆ခုနှစ်မှ စတင်၍ တရားဥပဒေစိုးမိုးမှုကို မြှင့်တင်ရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် အခမဲ့ ဥပဒေဆိုင်ရာ သင်တန်းများပေးခြင်း၊ ဂျန်ဒါအခြေပြု အကြမ်းဖက်မှုများ၊ အလုပ်သမား အငြင်းပွားမှု များနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဥပဒေဆိုင်ရာ သင်တန်းများ ပေးခြင်း၊ ဥပဒေဆိုင်ရာ တိုင်ပင်ဆွေးနွေး အကြံပြုခြင်းနှင့် အခမဲ့ အမှုလိုက်ပါ ဆောင်ရွက်ခြင်းများကို လုပ်ဆောင် ပေးနေသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

## လိုအပ်သည့် အရည်အချင်းနှင့် ကျွမ်းကျင်မှုများ

- အခြေခံပညာ အထက်တန်းအဆင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှု လျှော့ချရေးနှင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှုမှ ရှင်သန် လွတ်မြောက်လာသူများအား ကူညီတုန့်ပြန်ခြင်းနှင့် ပတ်သက်သည့် အစီအစဉ်များ၊ စီမံကိန်းများတွင် လုပ်ကိုင်ဆောင်ရွက်ဖူးသည့် အတွေ့အကြုံ (၂) နှစ်နှင့်အထက်ရှိသူ ဖြစ်ရမည်။

Building No (C-1), Room (301), Yuzana Highway Complex, Kamayut Township, Yangon

+95-9-796666385, +95-9-755995787

- ဂျင်ဒါအခြေပြု အကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်လာသူများအား ကူညီသူတစ်ဦးအဖြစ် လုပ်ကိုင်ရာတွင် လိုအပ်သောစံနှုန်းများ၊ လမ်းညွှန်ချက်များနှင့် ရှင်သန်ကျန်ရစ်သူ အခြေပြုတုန့်ပြန်ကာကွယ်ရေး လုပ်ထုံးလုပ်နည်းများကို နားလည်သဘောပေါက်ထားသူ ဖြစ်ရမည်။
- ဒေသတွင်း ဝန်ဆောင်မှုပေးနေသည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်ရမည်။
- ဒေသအခြေအနေများကို နားလည်ပြီး အာခါ၊ လားဟူ၊ ရှမ်းစသည့် တိုင်းရင်းသား ဘာသာစကားတစ်မျိုးမျိုးကို ကျွမ်းကျင်စွာ နားလည်သူ ပြောဆိုနိုင်သူများအား ဦးစားပေးမည်။
- ဆက်သွယ်ဆောင်ရွက်မှု ကောင်းမွန်ပြီး ပေးအပ်ထားသော တာဝန်များကို အချိန်နှင့်တပြေးညီ ပြီးစီးအောင် ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။
- မတူကွဲပြားသည့် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို နားလည်ပြီး အခက်အခဲများကို မိမိ၏အဖွဲ့နှင့် ပူးပေါင်းကာ ဖြေရှင်းနိုင်သူ ဖြစ်ရမည်။
- The Fifth Pillar မှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများအား လိုက်နာနိုင်ရမည်။

## လုပ်ဆောင်ရမည့် တာဝန် ဝတ္တရားများ

- ဖြစ်ရပ်စီမံခန့်ခွဲသူသည် ဂျင်ဒါအခြေပြု အကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်လာသူများအတွက် လိုအပ်သော ဝန်ဆောင်မှုများကို ချက်ချင်းရရှိနိုင်ရေး၊ ယုံကြည်မှုဖွဲ့စည်းနိုင်ရေးနှင့် မိမိဘဝကို သန်မာစွာ ပြန်လည်တည်ဆောက်နိုင်ရေးအတွက် တာဝန်ယူကူညီပံ့ပိုးရမည်။
- မိမိတာဝန်ယူ ဆောင်ရွက်နေသည့် ဖြစ်ရပ်များနှင့် သက်ဆိုင်သော မှတ်တမ်းများ၊ အချက်အလက်များ၊ စာရွက်စာတမ်းများကို သေချာစွာ ထိန်းသိမ်းထားရှိရမည်။
- ရှင်သန်ကျန်ရစ် သူများအတွက် လိုအပ်သော ကူညီစောင့်ရှောက်မှုနှင့် ပံ့ပိုးမှုများ ဆောင်ရွက်နိုင်ရေးအတွက် အစီအစဉ်များ ချမှတ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် စနစ်တကျစောင့်ကြည့်သုံးသပ်ခြင်းများ ပြုလုပ်ရမည်။
- လိုအပ်ပါက ရှင်သန်ကျန်ရစ်သူများအား ဝန်ဆောင်မှုပေးနိုင်သူများနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်ရမည်။

Building No (C-1), Room (301), Yuzana Highway Complex, Kamayut Township, Yangon

+95-9-796666385, +95-9-755995787

- ရှင်သန်ကျန်ရစ်သူများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ၊ အသိအမြင်ဖွင့်ပေးရေး အစီအစဉ်များနှင့် အသက်မွေးဝမ်းကြောင်းအတွက် လက်မှုပညာသင်တန်းများ ပေးအပ်နိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ရမည်။
- စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့လိုအပ်သည့် ရှင်သန်ကျန်ရစ်သူများအတွက် စိတ်အားပေးခြင်း၊ စိတ်ကူညီမှုများနှင့် စိတ်ကျန်းမာရေး ပညာရှင်များထံသို့ ရည်ညွှန်းပေးခြင်းများ ပြုလုပ်ရမည်။
- ကူညီပံ့ပိုးနေသည့် ရှင်သန်လွတ်မြောက်သူများအား ပုံမှန်စောင့်ကြည့်၍ လိုအပ်သော အကြံဉာဏ်များ ပေးခြင်း၊ ၎င်းတို့၏ လုံခြုံရေးအတွက် စီမံဆောင်ရွက်မှုများ ပြုလုပ်ရမည်။
- အခြေခံဝန်ဆောင်မှုများပေးနေသည့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ရှင်သန်ကျန်ရစ်သူများအား သက်ဆိုင်ရာ ဝန်ဆောင်မှုရရှိရေးအတွက် ရည်ညွှန်းပေးရမည်။
- တာဝန်ယူထားသည့် ရှင်သန်ကျန်ရစ်သူများနှင့် ပတ်သက်သည့် တိုးတက်ပြောင်းလဲမှုများ၊ ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် ရရှိသောရလဒ်များကို လုံခြုံအိမ်တာဝန်ခံထံသို့ ပုံမှန်အစီအရင်ခံ တင်ပြရမည်။
- စီမံကိန်း လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး အစီအရင်ခံစာများ ရေးသားခြင်း၊ စီမံကိန်း အကောင်အထည်ဖော်မှုကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လေ့လာသုံးသပ်အကဲဖြတ်မှုများ ပြုလုပ်ပြီး၊ သက်ဆိုင်ရာ ကြီးကြပ်သူများအား လိုအပ်သော အကူအညီများ ဆောင်ရွက်ပေးရမည်။

**<u>လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်ခြင်းဆိုင်ရာ မူဝါဒ</u>**

The Fifth Pillar သည် လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှုများ၊ မိမိ၏ လုပ်ဖော်ကိုင်ဖက်များ၊ ဝန်ဆောင်မှု ရယူနေသူများအပေါ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများအား ပြင်းထန်စွာ တားမြစ်ထားပါသည်။ ဝန်ထမ်းများ အားလုံးသည် လိင်ပိုင်းဆိုင်ရာ ထိပါး နှောက်ယှက်မှု များနှင့် ပတ်သက်ပြီး တားမြစ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လုပ်ငန်းခွင်အတွင်းတွင် သော်လည်းကောင်း၊ လုပ်ငန်းခွင် ပြင်ပတွင်သော်လည်းကောင်း လိုက်နာရန် တာဝန်ရှိပါသည်။

Building No (C-1), Room (301), Yuzana Highway Complex, Kamayut Township, Yangon

+95-9-796666385, +95-9-755995787

**<u>ဝန်ထမ်း၏ လစာနှင့် အခြားအကျိုးခံစားခွင့်များ</u>**

(၁) အတွေ့အကြုံနှင့် ကျွမ်းကျင်မှုပေါ်မူတည်၍ ယှဉ်ပြိုင်နိုင်သော လစာပက်ကေ့ချ်

(၂) လစဉ် ဖုန်းငွေဖြည့်ကတ်

ယခုဖော်ပြပါ ရာထူးကို လျှောက်ထားလိုသူများ အနေဖြင့် **Cover Letter နှင့် CV** တို့ကို ပူးတွဲကာ အကြောင်းအရာ ဖော်ပြချက်တွင် **"Case Worker"** ဟုရေးသားကာ hr@tfpmm.org သို့ လိပ်မူပြီး အီးမေးလ်မှတစ်ဆင့် လျှောက်ထားနိုင်ပါသည်။

- လျှောက်ထားသူအနေဖြင့် အဆိုပါရာထူးအတွက် မိမိမျှော်မှန်းသည့် လစာနှုန်းထားကို ထည့်သွင်းဖော်ပြပေးရန် လိုအပ်ပါသည်။
- လျှောက်ထားမည့်သူများ အနေဖြင့် **မေလ (၂၉) ရက်နေ့ ညနေ ၅း၀၀ နာရီ နောက်ဆုံး**ထား၍ လျှောက်ထားနိုင်ပါသည်။
- လျှောက်ထားသော လျှောက်လွှာများအနက်မှ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများကိုသာ ရွေးချယ်၍ အင်တားဗျူးဖြေဆိုရန် အကြောင်းပြန်ပေးမည် ဖြစ်ပါသည်။